# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

November 26, 2019 Volume 25, Number 15


## လက်ရှိဘဏ္ဍာနှစ် တစ်လခွဲတွင် စုစုပေါင်းကုန်သွယ်မှု ဒေါ်လာ ၄ ဒသမ ၆ ဘီလျံနီးပါးရှိပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၅၉၀ ခန့် ပိုမိုရရှိသည့်အပြင် ကုန်သွယ်မှုလိုငွေ ဒေါ်လာသန်း ၂၀ နီးပါးသာရှိ



လက်ရှိဘဏ္ဍာနှစ် တစ်လခွဲတွင် စုစုပေါင်းကုန်သွယ်မှု ဒေါ်လာ ၄ ဒသမ ၆ ဘီလျံနီးပါးရှိပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၅၉၀ ခန့် ပိုမိုရရှိထားသည့်အပြင် ကုန်သွယ်မှုလိုငွေ ဒေါ်လာသန်း ၂၀ နီးပါးသာရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စာရင်းများအရ သိရသည်။ ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ နိုဝင်ဘာ ၁၅ ရက်အထိ တစ်လခွဲအတွင်း စုစုပေါင်း ကုန်သွယ်မှုပမာဏ ဒေါ်လာ ၄ ဒသမ ၅၉၈ ဘီလျံရရှိထားသည်။ ယခင်နှစ်ကာတူတွင်မူ ဒေါ်လာ ၄ ဒသမ ၀၁၀ ဘီလျံသာ ရရှိထားသည်။ ထို့ကြောင့် လက်ရှိဘဏ္ဍာနှစ်တစ်လခွဲတွင် စုစုပေါင်းကုန်သွယ်မှုသည် ယခင်နှစ်ကာလတူထက် ဒေါ်လာ ၅၈၇ ဒသမ ၈၇၅ သန်းအထိ ပိုမိုရရှိ ထားခြင်းဖြစ်သည်။

အဆိုပါကာလအတွင်း မြန်မာနိုင်ငံက တင်ပို့ထားသည့် ပို့ကုန်တန်ဖိုးမှာ ဒေါ်လာ ၂ ဒသမ ၂၈၉ ဘီလျံရှိသည်။ ပြည်ပနိုင်ငံများမှ တင်သွင်းထားသည့် သွင်းကုန်တန်ဖိုးမှာ ဒေါ်လာ ၂ ဒသ မ ၃၀၉ ဘီလျံရှိသည်။ အဆိုပါကာလအတွင်း သွင်းကုန်တင်သွင်းမှုသည် ပို့ကုန်တင်သွင်းမှုထက် ဒေါ်လာ ၁၉ ဒသမ ၉၈၃ သန်း ပိုမိုတင်သွင်းထားသည်။ ထို့ကြောင့် လက်ရှိဘဏ္ဍာနှစ် တစ်လခွဲတွင် ကုန်သွယ်မှုလိုငွေဒေါ်လာ ၁၉ ဒသမ ၉၈၃ သန်းသာ ဖြစ်ပေါ်ခဲ့သည်။ (ကုန်သွယ်မှု လိုငွေဆိုသည်မှာ ပို့ကုန်တန်ဖိုးထက် သွင်းကုန်တန်ဖိုးက ပိုများနေခြင်းကို ဆိုလိုသည်။) ယခင်နှစ်ကာလတူတွင် ကုန်သွယ်မှု လိုငွေသည် ဒေါ်လာ ၅၇၉ ဒသမ ၈၅၀ သန်းအထိဖြစ်ပေါ်ခဲ့သဖြင့် လက်ရှိဘဏ္ဍာနှစ် တစ်လခွဲအတွင်း ကုန်သွယ်မှုလိုငွေဖြစ်ပေါ်မှုမှာ ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း

**၂၆.၁၁.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၅၆ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၇၆၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၅/- ကျပ် |
| CBM Rate | = ၁၅၁၃.၈ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၆၇.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၀၇.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၄၈.၉ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၉၀.ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၂၅.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၄.၉၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၄၉၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၈.၅၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၁.၆၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၁၁၈ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

၅၅၀ ကျော်အထိ လျော့ကျခဲ့ကြောင်း သိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံမှ ပြည်ပသို့ အဓိကတင်ပို့နေသည့် ပို့ကုန်များမှာ လယ်ယာထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ စက်မှုကုန်ချော CMP နှင့် အခြားပစ္စည်းများ စသည်တို့ကို တင်ပို့နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ပြည်ပမှရင်းနှီး မြှုပ်နှံမှုကုန်ပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ CMP ကုန်ကြမ်းပစ္စည်း စသည်တို့ကို အဓိကတင်သွင်းနေခြင်းဖြစ်သည်။

ဘဏ္ဍာနှစ်အလိုက် ကုန်သွယ်မှုအခြေအနေ (ဒေါ်လာသန်း)

| ဘဏ္ဍာနှစ် | ပို့ကုန် | သွင်းကုန် | ကုန်သွယ်မှုပမာဏ |
|---|---|---|---|
| ၂၀၁၂-၂၀၁၃ | ၈၉၇၇ ဒသမ ၀၁၅ | ၉၀၆၈ ဒသမ ၉၁၄ | ၁၈၀၄၅ ဒသမ ၉၂၉ |
| ၂၀၁၃-၂၀၁၄ | ၁၁၂၀၃ ဒသမ ၉၅၇ | ၁၃၇၅၉ ဒသမ ၅၀၇ | ၂၄၉၆၃ ဒသမ ၄၆၄ |
| ၂၀၁၄-၂၀၁၅ | ၁၂၅၂၃ ဒသမ ၇၁၇ | ၁၆၆၃၃ ဒသမ ၁၄၆ | ၂၉၁၅၆ ဒသမ ၈၆၃ |
| ၂၀၁၅-၂၀၁၆ | ၁၁၁၃၆ ဒသမ ၈၇၈ | ၁၆၅၇၇ ဒသမ ၉၄၈ | ၂၇၇၁၄ ဒသမ ၈၂၆ |
| ၂၀၁၆-၂၀၁၇ | ၁၁၉၉၈ ဒသမ ၅၄၄ | ၁၇၂၁၁ ဒသမ ၀၆၂ | ၂၉၂၀၉ ဒသမ ၆၀၆ |
| ၂၀၁၇-၂၀၁၈ | ၁၄၈၅၀ ဒသမ ၆၆၄ | ၁၈၆၈၆ ဒသမ ၉၅၂ | ၃၃၅၃၇ ဒသမ ၆၁၆ |
| ၂၀၁၈ | ၈၈၃၂ ဒသမ ၁၈၃ | ၉၈၅၉ ဒသမ ၃၁၇ | ၁၈၆၉၁ ဒသမ ၅၀၀ |

(Mini Budget) - Source: အကောက်ခွန်ဦးစီးဌာန

လက်ရှိ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် စုစုပေါင်း ကုန်သွယ်မှုပမာဏ ဒေါ်လာ ၃၄ ဘီလျံ ရရှိရန် ခန့်မှန်းထားပြီး ပို့ကုန်ကဏ္ဍမှ ဒေါ်လာ ၁၈ ဘီလျံအထိ တင်ပို့နိုင်မည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကဆိုသည်။ နိုဝင်ဘာ ၁၆ ရက်က ရန်ကုန်မြို့ရှိ Fortune Plaza ၌ ပြုလုပ်သည့် "Myanmar Entrepreneurship Summit 2019" တွင် မီဒီယာများ၏ မေးမြန်းမှုကို ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ ဒီနှစ်အတွက် သိပ်မများပါဘူး။ ကုန်သွယ်မှုက ဒေါ်လာ ၃၄ ဘီလျံလောက် မှန်းထားတယ်။ ပို့ကုန်ပိုင်းကတော့ ဒေါ်လာ ၁၈ ဘီလျံလောက်မှန်းထားတယ်ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောကြားသည်။

ပြီးခဲ့သည့် ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်ပပို့ကုန်တန်ဖိုး ဒေါ်လာ ၁၅ ဒသမ ၃ ဘီလျံရရှိရန်နှင့် သွင်းကုန်တန်ဖိုး ဒေါ်လာ ၁၅ဒသမ၈ ဘီလျံ စုစုပေါင်း ကုန်သွယ်မှုပမာဏ ဒေါ်လာ ၃၁ ဒသမ ၁ ဘီလျံရရှိအောင် ဆောင်ရွက်သွားရန် လျာထားခဲ့သည်။ ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ်ကုန်ဆုံးချိန်တွင် စုစုပေါင်းကုန်သွယ်မှုပမာဏ ဒေါ်လာ ၃၄ ဒသမ ၉၇၉ ဘီလျံအထိ ရရှိခဲ့ပြီး ခန့်မှန်းလျာထားချက်ထက် ဒေါ်လာ ၃ ဒသမ ၈ ဘီလျံကျော်အထိ ပိုမိုရရှိခဲ့ခြင်းဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့်စာရင်းများအရသိရသည်။

**Source:** https://news-eleven.com/article/146976

## ရေနံ၊ သဘာဝဓာတ်ငွေ့၊ သစ်တောနှင့် ကျောက်စိမ်းကျောက်မျက် စသည့် တွင်းထွက်သယံဇာတ ရှာဖွေတူးဖော်ထုတ်လုပ်ရောင်းချခြင်းတွင် လိုင်စင်၊ ခွင့်ပြုမိန့်၊ စာချုပ်ဖြင့်ဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းများအားလုံး၏ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများနှင့် နိုင်ငံရေးအရ ဩဇာတိက္ကမ ရှိသူများဆိုင်ရာ အချက်အလက်များ ထုတ်ဖော်တင်ပြရမည်



ရေနံ၊ သဘာဝဓာတ်ငွေ့၊ သစ်တော၊ ဓာတ်သတ္တု၊ ကျောက်စိမ်းကျောက်မျက်နှင့် ပုလဲစသည့် တွင်းထွက်သယံဇာတ ရှာဖွေတူးဖော်ထုတ်လုပ်ရောင်းချခြင်းတွင် လိုင်စင်ဖြင့်လည်းကောင်း၊ ခွင့်ပြုမိန့်ဖြင့်လည်းကောင်း၊ စာချုပ်ဖြင့်လည်းကောင်း၊ ဆောင်ရွက်လျက်ရှိသော စီးပွားရေးလုပ်ငန်းများအားလုံး၏ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများနှင့် နိုင်ငံရေးအရ ဩဇာတိက္ကမရှိသူများဆိုင်ရာ အချက်အလက်များ ထုတ်ဖော်တင်ပြရမည်ဟု နိုင်ငံတော်သမ္မတရုံးက ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံ တွင်းထွက်သယံဇာတတူး ဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး Extractive Industries Transparency Initiative (EITI) ဆိုင်ရာ လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု Beneficial ownership – Bo အချက်အလက် ဖော်ဆောင်ရေး

လုပ်ငန်းစဉ်ကို အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်အတွက် မြန်မာနိုင်ငံတွင်းထွက် သယံဇာတ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းနှင့် သက်ဆိုင်သည့် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့်အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်ထားသော ကုမ္ပဏီများနှင့် စီးပွားရေးအဖွဲ့အစည်းများသည် ဦးဆောင်တာဝန်ယူမည့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန DICA နှင့် ပူးပေါင်းဆောင်ရွက်ကြရန် ထုတ်ပြန်ခြင်းဖြစ်သည်ဟုသိရသည်။

မြန်မာနိုင်ငံသည် တွင်းထွက်သယံဇာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ၂၀၁၂ ခုနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ဦးဆောင်ကော်မတီ၊ လုပ်ငန်းကော်မတီနှင့် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့များဖွဲ့စည်းပြီး တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ခြင်း အစီရင်ခံစာများ ထုတ်ပြန်ခြင်းနှင့် အတူ အကျိုးအမြတ်ရရှိ ပိုင်ဆိုင်မှုအချက်အလက်ဖော်ဆောင်ရေး လုပ်ငန်းအစီအစဉ် Beneficial Ownership Work Plan ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ သယံဇာတတူးဖော်ထုတ်လုပ်မှုဆိုင်ရာ အစီရင်ခံများတွင် အကျိုးအမြတ်ရရှိ ပိုင်ဆိုင်မှု အချက်အလက်များ အချိန်မီထည့်သွင်းဖော်ပြနိုင်စေရေးအတွက် သဘာဝသယံဇာတဆိုင်ရာ လုပ်ငန်းများတွင် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု ဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့ကိုဖွဲ့စည်းခဲ့ပြီး ဦးဆောင်တာဝန်ယူမည့် အဖွဲ့အစည်း အဖြစ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ တာဝန်ပေးအပ်ခဲ့သည်။ ထိုသို့ထုတ်ဖော်တင်ပြရာတွင် နိုင်ငံတွင်းရှိ တွင်းထွက်သယံဇာ (ရေနံ၊ သဘာဝဓာတ်ငွေ့၊ သစ်တော၊ ဓာတ်သတ္တု၊ ကျောက်စိမ်း ကျောက်မျက်နှင့်ပုလဲ) ရှာဖွေ တူးဖော် ထုတ်လုပ်ရောင်းချခြင်းအဆင့်တို့တွင် လိုင်စင်ဖြင့်လည်းကောင်း၊ တွင်းထွက်သယံဇာတဆိုင်ရာ နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများ၊ ၄င်းလိုင်စင်၊ ခွင့်ပြုမိန့်၊ စာချုပ်များကို လျှောက်ထားဆဲ သို့မဟုတ် လျှောက်ထားပြီး ရှာဖွေတူးဖော် ထုတ်လုပ် ရောင်းချရေးဆိုင်ရာ လုပ်ငန်းများအားလုံး၏ "အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ" Beneficial Owner များနှင့် "နိုင်ငံရေးအရ သြဇာတိက္ကမ ရှိသူ" Politically Exposed Person များဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်တင်ပြရမည်ဖြစ်သည်။ "အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ" နှင့် "နိုင်ငံရေးအရ သြဇာတိက္ကမရှိသူ" တို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့ကနှင့် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု ဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့တို့က EITI စံနှုန်းနှင့် အညီ သတ်မှတ်ထားသည့် အတိုင်း ဖြစ်သည်။

အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုအချက်အလက်ဖော်ဆောင်ရေး လုပ်ငန်းစဉ်ဆောင်ရွက်ရာတွင် အချက်အလက်ကောက်ယူမည့် စီးပွားရေးလုပ်ငန်းရွေးချယ်သတ်မှတ်ခြင်း၊ အချက်အလက်ကောက်ယူခြင်း၊ မှတ်တမ်းပြုစုထိန်းသိမ်းခြင်း၊ အချက်အလက်များစိစစ်ခြင်း၊ အချက်အလက်များ ထုတ်ပြန်ကြေညာခြင်းစသည့်လုပ်ငန်းစဉ်အဆင့်ဆင့်ကို အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု ဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့နှင့် DUCA တို့ ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် အချက်အလက်များကို DICA ဝက်ဘ်ဆိုက် တွင် ထုတ်ပြန်ရမည်ဖြစ်သည်။ သို့ဖြစ်ရာ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု အချက်အလက်ဖော်ဆောင်ရေး လုပ်ငန်းစဉ် အောင်မြင်စေရန် အစိုးရအဖွဲ့အစည်းများ၊ ကုမ္ပဏီများနှင့် စီးပွားရေးအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/146979



## ချင်း (ဂျင်း) အသစ်ပေါ်ချိန် အစိုဓာတ်များနေသေး၍ ဈေးနှုန်းကျဆင်းနေ

အောင်ပန်းဈေးကွက်၌ ချင်း (ဂျင်း) အသစ်များ စတင် ဝင်ရောက်နေသော်လည်း အစိုဓာတ်များနေသေး၍ အဝယ် မလိုက်ဘဲဖြစ်နေကြောင်း ကုန်သည်များထံမှသိရသည်။ "စက်တင် ဘာလနဲ့ အောက်တိုဘာလကုန်လောက်ကစပြီးတော့ ဈေးကွက်ထဲ စတင်ဝင်ရောက်နေပါတယ်။ အရင်နှစ်ကထက် ၁၀ ရက် ပိုစောပြီး ဝင်လာတော့ အစိုဓာတ်များနေသေးတာပါ။ ဒါကြောင့်

နောက်တစ်လကျော်လောက်မှာ ဝင်လာမယ့် ချင်း (ဂျင်း) တက် ကိုပါ ပြည်ပပို့နိုင်မှာဖြစ်တယ်။ အခုတော့ ပြည်တွင်းသုံးအတွက် အောင်ပန်းဈေးကွက်ကို ချင်း (ဂျင်း)ပိဿာချိန် ငါးသိန်းလောက် အရောင်းအဝယ်ဖြစ်နေပါတယ်”ဟု အောင်ပန်းရှိ ချင်း (ဂျင်း)၊ နနွင်းကုန်သည် ဦးစိုင်းခင်မောင်က ပြော သည်။ အောင်ပန်းနှင့် တောင်ကြီးဈေးကွက် အတွင်း ချင်း (ဂျင်း) အသစ် တစ်ပိဿာလျှင် ကျပ် ၇၀၀ မှ ၉၀၀ ကြား၊ အခြောက်တစ်ပိဿာလျှင် ကျပ် ၁၈၀၀ မှ ၂၂၀၀ ကြားရှိနေကြောင်းသိရသည်။ “ကလောနဲ့ပင်လောင်းဒေသက ထွက်တဲ့ချင်း (ဂျင်း)ကို ရန်ကုန်၊ မန္တလေးနဲ့ မကွေးဈေးကွက်မှာရှိတဲ့ ဒိုင်တွေ၊ ပွဲရုံတွေကို အများဆုံးဖြန့်ဖြူးရောင်းချတယ်။ သူတို့ကနေတစ်ဆင့် ပြည်တွင်းက ပြန်လည် ဖြန့်ဖြူးရောင်းချကြတယ်။ အခုလောလောဆယ်တော့ အစိုဓာတ်များနေသေးလို့ ဈေးကသိပ်မကောင်းသေးဘူး”ဟု အောင်ပန်း ရှိ စားဖိုဆောင်သီးနှံကုန်သည် ဦးအောင်ဇေက ပြောသည်။

မြန်မာနိုင်ငံတွင် ချင်း (ဂျင်း) ကို ရှမ်းပြည်နယ် (တောင်ပိုင်း) တွင် အများဆုံး စိုက်ပျိုးပြီး အများဆုံးစိုက်ပျိုးသောမြို့နယ်မှာ ပင်လောင်း၊အောင်ပန်း၊ ကလော၊ ဟဲဟိုး၊ ညောင်ရွှေ၊ ပင်းတယ၊ ရွာငံ၊ ပင်လောင်း၊ ဟိုပုံး၊ တောင်ကြီးနှင့် ဖယ်ခုံတို့တွင် အနည်းငယ် စိုက်ပျိုးထွက်ရှိကြောင်းသိရသည်။ မြန်မာနိုင်ငံ၏ ချင်း (ဂျင်း) စိုက်ပျိုး ဧက ၁၇၈၀၀ ခန့် တန်ချိန် ၇၁၁၀၀ ခန့်ထွက်ရှိသလို ပြည်တွင်းသုံးစွဲမှု တန်ချိန်မှာ ၅၀၀၀၀ကျော်ရှိကြောင်း ထို့ကြောင့် ပိုလျှံ ၂၀၀၀၀ ကျော်ကို ပြည်ပသို့ တင်ပို့သည်။ နိုင်ငံအတွင်း ချင်း (ဂျင်း) သီးနှံကို မတ်လနှင့်ဧပြီလတွင် မြေပြုပြင်ခြင်းပြုလုပ်၍ မေလနှင့်ဇွန်လတို့တွင် စိုက်ပျိုး ကြောင်းသိရသည်။ ချင်း (ဂျင်း) စို၊ ချင်း (ဂျင်း) ခြောက်ပို့ကုန်လိုင်စင်လျှောက်ထားရာတွင် သီးခြားထောက်ခံချက် တင်ပြရန် မလိုကြောင်း၊ ပင်လယ်ရေကြောင်းက အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှား၊ တောင်ကိုရီးယားသို့တင်ပို့သည်။ ရှမ်း၊ ချင်းနှင့် ရခိုင်ပြည်နယ်ထွက် ချင်း (ဂျင်း) စိုတစ်တန်လျှင် ကျပ် ၁၀ သိန်း ကျော်၊ ချင်းခြောက်တစ်တန်လျှင် ကျပ် ၁၄သိန်းကျော် ရှိကြောင်းသိရသည်။ချင်းသီးနှံသည် ပြည်ပဈေးကွက် ပုံမှန်ရှိနေပြီး ဈေးကောင်းရရှိနေသည့် အမယ်ဖြစ်သည့်အတွက် ပိုမိုတိုးချဲ့ စိုက်ပျိုးရန်လိုအပ်သည်။ ရှမ်းပြည်နယ်တောင်ပိုင်းထွက် ချင်း(ဂျင်း)သည် တောင်ပေါ်ဒေသနှင့် မြေပြန့်ဒေသအလိုက် အရည်အသွေးအနည်းငယ်ကွာခြားပြီး အောင်ပန်းနှင့်ကလောဒေသထွက်သော ချင်း (ဂျင်း) သည် ကျစ်၍အသားမာပြီး အနံ့ ပိုပြင်းကြောင်းသိရသည်။

**Source: မြန်မာတောင်သူကြီးများ ဂျာနယ်**

http://htwettoe.com/article-details/news/8315978

## SME ထောက်ခံချက်ရရှိထားသည့် ခရီးသွားလုပ်ငန်းကုမ္ပဏီများ မြန်မာ့ခရီးသွားဘဏ်တွင် ကျပ်သိန်း ၂၀၀ အထိ ချေးငွေရရှိနိုင်မည်

SME ထောက်ခံချက်ရရှိထားသည့် ခရီးသွားလုပ်ငန်းကုမ္ပဏီများ မြန်မာ့ခရီးသွားဘဏ် MTB တွင် သိန်း ၂၀၀ အထိ ချေးငွေရရှိနိုင်မည်ဖြစ်ကြောင်း ရန်ကုန်မြို့ Panda Hotel တွင်ပြုလုပ်သည့် မြန်မာ့ခရီးသွားဘဏ်၏ SME ချေးငွေ မိတ်ဆက်သည့် အခမ်းအနားမှသိရသည်။ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများသည် မြန်မာနိုင်ငံခရီးသွား လုပ်ငန်းရှင်များ အသင်းအဖွဲ့ဝင်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဌာနမှထုတ်ပေးသည့် SME ထောက်ခံချက်ရထားသူ၊ လုပ်ငန်းလိုင်စင်ရှိသူ ဖြစ်ရမည်ဖြစ်ပြီး ချေးငွေအများဆုံး သိန်း ၂၀၀ ရရှိမည်ဖြစ်ကာ ချေးငွေသက်တမ်းမှာ နှစ်နှစ်ဖြစ်သည်ဟုသိရသည်။ ချေးငွေရယူလိုသည့် လုပ်ငန်းရှင်များသည် အပေါင်ပစ္စည်းမပါပါက ချေးငွေ၏ သုံးရာခိုင်နှုန်းကို CGI အာမခံစနစ်(Credit Guarentee Insurance) ကတ်ဝယ်ပေးရမည်ဖြစ်ကာ ဘဏ်တိုး တစ်နှစ်လျှင် ၁၃ ရာခိုင်နှုန်း ပေးဆောင်ရမည်ဖြစ်ပြီး အပေါင် ပစ္စည်း ပါသူများအနေဖြင့် CGI အာမခံစနစ် ကတ်မလိုဘဲ ဘဏ်တိုးတစ်နှစ်လျှင် ၁၃ ရာခိုင်နှုန်း ပေးဆောင်ရမည်ဟု မြန်မာ့ ခရီးသွားဘဏ် (MTB) မှ Deputy Managing Director Andrew Khant က ပြောကြားသည်။ “လုပ်ငန်းလည်ပတ်နေတာ သေချာသူတွေကို CGI အာမခံစနစ် (Credit Guarentee Insurance) ဝယ်ထားတဲ့အတွက် တစ်ခုခု စီးပွားရေး အခြေအနေ ကြောင့် လုံးဝပြန်မပေးနိုင်ခဲ့ရင် အာမခံလုပ်ငန်းကနေ ၆၀ ရာခိုင်နှုန်း Cover လုပ်ပေးတယ်။ အဲဒါ ကလည်း အတိုးကို Cover မလုပ်ပေးဘူး။ အရင်းကိုပဲ လုပ်ပေးတာ။ ဘဏ်ကနေ ၄၀ ရာခိုင်နှုန်းက Risk Exposure ရှိတယ်။ ဒါပေမဲ့ ကျွန်တော်တို့က မြန်မာ့ခရီးသွားဘဏ် ဖြစ်နေတဲ့အတွက် ခရီးသွားလုပ်ငန်းရှင်တွေကို ဒီလောက်တောင် ဝန်ဆောင်မှု မပေးဘူးဆိုရင်

မှုတမှုမရှိဘူးလေ။ အဲဒါကြောင့် Risk Exposure ၄၀ ရာခိုင်နှုန်းယူပြီးတော့ သူတို့ရဲ့ စီးပွားရေးကို ဖွံ့ဖြိုး တိုးတက်အောင်လို့ တိုင်းပြည်စီးပွားရေးခရီးသွားကဏ္ဍဖွံ့ဖြိုးအောင် လုပ်ဆောင်ချင်တော့ ဘဏ်က ဝန်ဆောင်မှုအသစ်ကို မိတ်ဆက်တာပါ" ဟု Andrew Khant က ပြောကြားသည်။ ချေးငွေစနစ်တွင် လုပ်ငန်းရှင်များအနေဖြင့် နှစ်နှစ်အတွင်း လစဉ်တိုးရင်းပေါင်းကာ ငွေပြန်ပေးချေရမည့် စနစ်ဖြစ်ပြီး အရင်းကျေပြီး အတိုးနှုန်းသက်သာသည့် ဝန်ဆောင်မှုစနစ်ဖြစ်သည်ဟုလည်း သိရသည်။ "လုပ်ငန်းရှင်တွေဘက်ကတော့ ဘဏ်တိုးတွေကိုတော့ လျှော့ချစေချင်တယ်။ သို့သော်လည်း မြန်မာနိုင်ငံ တော်ဗဟိုဘဏ်ရဲ့ သတ်မှတ်ထားတဲ့ နှုန်းထားအတိုင်းပဲ ချေးပေးရတာဖြစ်တဲ့အတွက် လုပ်ငန်းရှင်တွေဘက်ကနေ ပြောမယ်ဆိုရင်တော့ အတိုးနှုန်းတွေ လျှော့ချပေးရင်တော့ အကောင်းဆုံးဖြစ်ပါလိမ့်မယ်" ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဖြိုးဇော်ဝေကပြောကြားသည်။ လက်ရှိတွင် အသေးစား၊ အလတ်စားလုပ်ငန်းများအတွက် ငွေချေးထောက်ပံ့မှု ရရှိရုံဖြင့် တိုးတက်သွားမည် မဟုတ်ဘဲ သက်ဆိုင်ရာလုပ်ငန်းစဉ်များအလိုက် နည်းပညာများနှင့် နည်းပညာအထောက်အပံ့ဖြင့် ရရှိလာမည့် Product များကို ရောင်းချပေးနိုင်သည့် ဈေးကွက်များပြည့်စုံမှသာ SME လုပ်ငန်းများ တိုးတက်နိုင်မည်ဟု ၎င်းကဆိုသည်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များတွင် အသင်းဝင်ကုမ္ပဏီပေါင်း ၁၂၀၀ ခန့်ရှိကာ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME) လက်မှတ်ရရှိသည့် ကုမ္ပဏီ ၄၀၀ ခန့်ရှိသည်ဟု မြန်မာနိုင်ငံခရီးသွား လုပ်ငန်းရှင်များအသင်းမှသိရသည်။ "မြန်မာနိုင်ငံသားအားလုံးသော လုပ်ငန်းရှင်တွေကို ဘဏ္ဍာငွေအထောက်အပံ့ အရင်းအမြစ်က အင်မတန်လိုအပ်ပါတယ်။ လိုချင်တဲ့ ဈေးနှုန်းသက်သာတဲ့ Long Term Loans တွေ အခုထက်ထိ မဖန်တီးပေးနိုင်သေးဘူး။ ဒီအချက်တွေကို အဓိက ကြိုးစားမယ်လို ရည်ရွယ်ထားတယ်။ တိုင်းပြည်စီးပွားရေး တက်လာအောင် ဘဏ်တွေရဲ့ ကဏ္ဍက အထူးအရေးကြီးတယ်။ သူများနိုင်ငံတွေမှာ အတိုးနှုန်း အရမ်းသက်သာတယ်။ အာဆီယံမှာဆို ၆၊ ၇ ရာခိုင်နှုန်းနဲ့ရနေတဲ့ အချိန်တောင် ၁၃ ရာခိုင်နှုန်းပဲ ပေးနိုင်တယ်။ ဒါတွေဟာ စီးပွားဖြစ်ထွန်းဖို့အတွက် အနှောက်အယှက်ဖြစ်တယ်။ ဒါတွေကို ဘဏ်အဖွဲ့အစည်းတွေပေါင်းပြီး ကြိုးစားမယ်။ နိုင်ငံတော်နဲ့ ပူးပေါင်းပြီး စီမံချက်တွေစပြီးပြုလုပ်မယ်ဆိုရင် တိုင်းပြည်စီးပွားရေးကို ဘဏ်ကဏ္ဍက အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း မြန်မာ့ခရီးသွားဘဏ် (MTB) ဥက္ကဋ္ဌ ဦးရန်ဝင်းကဆိုသည်။ ခရီးသွားလုပ်ငန်းရှင်များအနေဖြင့် ချေးငွေများကို နိုဝင်ဘာ ၂၃ ရက်မှစတင်ကာ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်ရှိ မြန်မာ့ခရီးသွားဘဏ်များတွင် ချေးငွေလျှောက်ထားနိုင်ပြီး မြန်မာ့ခရီးသွားဘဏ်၏ နှစ်စဉ်အမြတ်ငွေများမှငါးရာခိုင်နှုန်းအားခရီးသွားလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေးအတွက်လှူဒါန်းသွားမည်ဟုသိရသည်။

Source: https://news-eleven.com/article/146969

## ချင်းပြည်နယ်တွင် ဝဥစိုက်သူများသို့ တစ်ဧကလျှင် ကျပ် ၁၅ သိန်းချေးပေးရန် စီစဉ်နေ

ချင်းပြည်နယ်တွင် ဝဥစိုက်ပျိုးသူများသို့ တစ်ဧကလျှင် ကျပ် ၁၅ သိန်းအထိ ချေးပေးရန် ပြည်နယ်အစိုးရက စီစဉ်နေကြောင်း ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်က ပြောသည်။ ပြည်နယ်တစ်ခုလုံးရှိ ကိုးမြို့နယ်တွင် တစ်မြို့နယ်လျှင် ဧက ၁၀၀ နှုန်း သတ်မှတ်ထားပြီး တွန်းဇံမြို့နယ်၌ ဘိန်းအစားထိုးစိုက် ပျိုးရန် ဧက ၂၀၀ သတ်မှတ်ထား သည်ဟု ၎င်းကပြောသည်။ "ချင်းပြည်နယ်မှာ တခြားသီးနှံတွေစိုက်လို့မဖြစ်ထွန်းဘူး။ ဝဥက ချင်းတောင်သူတွေ စီးပွားဖြစ်တယ်။ ဒါပေမဲ့ ချေးငွေလိုချင်ကြတယ်။ ဒါကြောင့် အစိုးရနဲ့ လွှတ်တော်ပူးပေါင်းဆောင်ရွက်တာ အခုဝန်ကြီးအစည်းအဝေးက အတည်ပြုပြီးပြီ လွှတ်တော်ကခွင့်ပြုပြီးပြီ" ဟု ဦးစိုးထက်ကပြောသည်။ အဆိုပါချေးငွေကို SME Development ဘဏ်နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြစ်ပြီး တစ်နှစ်လျှင် အတိုးနှုန်း ၁၃ ရာခိုင်နှုန်းမှ ၁၆ ရာခိုင်နှုန်းအထိဖြစ်ပြီး ချေးငွေသတ်တမ်း သုံးနှစ်ဖြစ်သည်။ စုစုပေါင်းဧကတစ်ထောင် အတွက် ကျပ် ၁ ဒသမ ၅ ဘီလီ ယံဖြစ်သည်ဟုဆိုသည်။

ဝဥစိုက်ပျိုးမှုကို ချင်းပြည်နယ်တွင် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နေပြီး ဝဥတစ်ဧကလျှင် စိုက်ပျိုးစရိတ်ကျပ် ၄၅ သိန်းမှ သိန်းကျပ် ၅၀ အထိ ရှိပြီး ယခုချေးငွေသည် မျိုးစေ့အတွက် ဖြစ်သည်။ဝဥ ထွက်ကုန်များသည် တရုတ်၊ ကိုရီးယားနှင့် ဂျပန်ဈေးကွက်များသို့ တင်ပို့ရောင်းချရန်ရှိပြီး လက်ရှိတွင် ဝဥအခြောက်ခံ စက်များဝယ်ယူရန် စီစဉ်ထားသည်ဟုဆိုသည်။ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) ၏ နှစ်ဆင့်ချေးငွေရရန် ဆောင်ရွက်နေပြီး ထိုချေးငွေရပါ က

အတိုးနှုန်း ၈ ဒသမ ၅ ရာခိုင် နှုန်းဖြစ်ပြီး ဈေးငွေသက်တမ်းငါးနှစ်ဖြစ်သည်ဟုဆိုသည်။

**Source:** https://www.7daydaily.com/–171954

## ရွှေဈေးဆက်လက် ကျဆင်းဖွယ်ရှိနေ



မြန်မာ့ရွှေဈေးသည် နိုဝင်ဘာလဆန်းမှ စတင်၍ ၁ ကျပ်သားလျှင် ကျပ် ၁၂ သိန်းကျော်ရှိရာမှ နိုဝင်ဘာ ၂၅ ရက်တွင် ၁ ကျပ်သား ကျပ် ၁၁ သိန်း ၈ သောင်းကျော် အထိ ကျဆင်းလာခဲ့သည်။ ယခုတစ်လအတွင်း အကယ်ဒမီ အခေါက်ရွှေ ၁ ကျပ်သားလျှင် ယခင် ကျပ် ၁၂ သိန်းကျော်မှ ယခု ကျပ် ၁၁ သိန်း ၈ သောင်း ကျော်သာရှိသောကြောင့် ကျပ် ၅ သောင်းဝန်းကျင် ကျဆင်းခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့ရွှေဈေးသည်လည်း ၁ အောင်စလျှင် ယခင် နိုဝင်ဘာ ၈ ရက်က အမေရိကန်ဒေါ်လာ ၁၅၂၀ ရှိရာမှ ယခု ၁၄၅၈ ဒေါ်လာဖြစ်လာသောကြောင့် ၆၂ ဒေါ်လာခန့်ကျဆင်းခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှစုံစမ်းသိရှိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က"လောလောဆယ်ကတော့ ကမ္ဘာ့ရွှေဈေး ကျသလို ပြည်တွင်းဒေါ်လာဈေးလည်းကျတယ်။ နောက်တခါ အရောင်းအဝယ်က တစ်ကမ္ဘာလုံးက ဒီဇင်ဘာဘတ်ဂျက်နဲ့ သွားတာ ဆိုတော့ အားလုံးက အရောင်းအဝယ်မလုပ်ဘဲ ငွေစာရင်းရှင်းတာကြောင့်လည်း အရောင်းအဝယ်အေးပြီး ကမ္ဘာ့ရွှေဈေးကျ တယ်။ ကျနော်တို့ ဒီဇင်ဘာလ အထိတော့ ဆက်ကျဦးမယ်။ ဘယ်လောက်ကျမယ်ဆိုတာသာပြောလို့မရတာ" ဟု ရောဝတီ သို့ပြောသည်။ အဆိုပါ ရွှေဈေးနှုန်း ပြန်လည်ကျဆင်းလာသည့် အကြောင်းအရင်းများတွင် အမေရိကန်-တရုတ်ကုန်သွယ်ရေး စစ်ပွဲမှာ လက်ရှိအချိန်တွင် ကုန်သွယ်ရေးသဘောတူညီချက် လက်မှတ်ထိုးရန်စောင့်ဆိုင်းနေသည့် ကြားကာလဖြစ်ခြင်း၊ ကမ္ဘာ့ ရွှေဈေးများ ကျဆင်းနေခြင်း၊ ယခင် ဘဏ္ဍာနှစ်ကုန်ဆုံးမှုများကြောင့် ရွှေလိုက်ဝယ်မှုများလည်း မရှိခြင်း၊ ဈေးကွက် အတွင်း အရောင်းနှင့်အဝယ် ပုံမှန်ဖြစ်နေခြင်း တို့ကြောင့် ဖြစ်ကြောင်း ရွှေလုပ်ငန်းရှင်များက ပြောပြသည်။ ဦးမျိုးမြင့်က"ရွှေဈေးလည်း ဆက်ကျမယ့် သဘောတော့ရှိတယ်။ ဝယ်လိုအားနည်းတယ်။ ကမ္ဘာမှာလည်း နည်းတယ်။ အရင်ကစီးပွားရေးစစ်ဖြစ်တဲ့အခါ ကျတော့ တရုတ်ကရွှေကိုဝယ်စုတော့ ကမ္ဘာ့ရွှေဈေးကတက်တယ်။ အခု တရုတ်နဲ့အမေရိကန်နဲ့က သမ္မတတွေ ကုန်သွယ်ရေးသဘောတူညီချက် လက်မှတ်ထိုးတော့မယ်ဆိုတော့ တရုတ်က ရွှေမဝယ်တော့ဘူး အဲဒီတော့ ရွှေဈေးက ကျသွားတယ်။ ကျပ် ၁၀ သိန်းအောက်တော့ မရောက်နိုင်သေးဘူး"ဟု လက်ရှိအခြေအနေကို သုံးသပ်ပြောဆိုသည်။

ရွှေဈေးနှုန်းဆက်ကျနိုင်သည့် အလားအလာများ ရှိသော်လည်း ၁ ကျပ်သားလျှင် ကျပ် ၁၀ သိန်းအောက်သို့ ရောက်ရှိ နိုင်ခြင်းမရှိကြောင်း၊ ယင်းအချက်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနှင့်လည်း လက်ရှိအချိန်တွင် အမေရိကန်ဒေါ်လာ ဈေးကို ကျပ် ၁၅၀၀ ပတ်လည်တွင် ထိန်းထားနိုင်သောကြောင့်ဖြစ်ကြောင်း ၎င်းကပြောသည်။ ရွှေဈေးကွက်အတွင်း ဖြစ်နေ သောဈေးသည် ကမ္ဘာ့ရွှေဈေး အတက်အကျအပြင် ပြည်တွင်းဒေါ်လာဈေးအတက်အကျနှင့် ဈေးကွက်၏ ဝယ်လိုအား ရောင်းလိုအားပေါ် မူတည်၍ ချိတ်ဆက်ထားကြောင်း ဦးမျိုးမြင့်ကပြောဆိုသည်။ ရန်ကုန်မြို့ရှိ တိတ်စိန်ရွှေဆိုင်ပိုင်ရှင် ဦးဇော်အောင်က"အခုရွှေဈေးကတော့အေးပါတယ်။ ကျပ် ၁၁ သိန်း ၈ သောင်း ဝန်းကျင်က ပုံမှန်လောက်ဖြစ်နေပါတယ်။ အခု နိုဝင်ဘာလဆန်းလောက်ကတည်းကကျနေတာ။ အခုဖြစ်နေတဲ့ ဈေးကတော့ အနိမ့်ဆုံးဈေးဖြစ်မယ်ထင်တယ်။ အခု ထက်တော့ ဈေးကွက်သဘောအရ ထပ်မကျနိုင်လောက်ဘူး။ တစ်လအတွင်း ကျပ် ၄ သောင်းကျော်လောက် ကျသွားတာဟု ရှင်းပြသည်။ လက်ရှိ ရွှေဈေးကွက်အတွင်း အရောင်းအဝယ် ပုံမှန်ဖြစ်နေပြီး အကယ်ဒမီ အခေါက်ရွှေ ၁ ကျပ်သားလျှင် ကျပ်

၁၁ သိန်း ၈ သောင်းကျော်နှင့် ကမ္ဘာ့ရွှေ ၁ အောင်စ ၁၄၅၈ ဒေါ်လာ ရှိနေပြီး လက်ဝတ်ရတနာ ၁၅ ပဲရည် ရွှေ ၁ ကျပ်သားလျှင် ကျပ် ၁၁ သိန်း ၅ ထောင်နှင့် ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းစာရင်းများအရသိရသည်။

မန္တလေး ရွှေဈေးကွက်သည်လည်း ရွှေ ၁ ကျပ်သားလျှင် ကျပ် ၁၁ သိန်း ၈ သောင်းဝန်းကျင်ဖြင့် အရောင်းအဝယ်ပုံမှန်ဖြစ်နေကြောင်း မန္တလေးရွှေလုပ်ငန်းရှင်များအသင်းကပြောသည်။ မန္တလေးရွှေလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးတင်ထွန်းက"ကမ္ဘာ့ရွှေဈေး တောက်လျှောက်ကျတော့ ၁ အောင်စ ဒေါ်လာ ၁၄၅၇၊ ၁၄၅၆ ဒေါ်လာဆိုတော့ မန္တလေး ရွှေဈေးက ၁ ကျပ်သား ကျပ် ၁၁ သိန်း ၇ သောင်း ၉ ထောင် ၅ ရာ လောက်ရှိတယ်။ အရောင်းအဝယ်ကတော့ ပုံမှန်ပဲသွားနေတယ်။ လိုတဲ့သူဝယ်နဲ့ ပုံမှန်ပဲ သွားနေတယ်"ဟု ဧရာဝတီသို့ပြောသည်။

ပြည်တွင်း ရွှေဈေးသည် ဩဂုတ်လ ၅ ရက်က မြန်မာနိုင်ငံတွင် တခါမှ မဖြစ်ဘူးသည့် ကျပ် ၁၃ သိန်း ဈေးအထိ စံချိန်တင်ဈေးမြင့်တက်ခဲ့ဖူးသည်။ ဒေါ်လာဈေးအနေနှင့် လက်ရှိအချိန်တွင် အရောင်းအဝယ်အေးနေပြီး ယခုလအတွင်း ၃ ကျပ်မှ ၄ ကျပ်အထိ အတက် အကျဖြစ်ခဲ့ရာ ဗဟိုဘဏ်၏ဆောင်ရွက်မှုများကြောင့် ၁ ဒေါ်လာ ကျပ် ၁၅၀၀ အောက်သို့ ကျဆင်းရန် အခြေအနေမရှိကြောင်း နိုင်ငံခြားငွေကြေးရောင်းဝယ်သူ ဦးမိုးကပြောသည်။

**Source: The Irrawaddy – Burmese Edition**

https://www.facebook.com/kope.aung/posts/2504023096533567

## တနင်္သာရီတိုင်းဒေသကြီး၏ ရင်းနှီးမြှုပ်နှံမှုဖိုရမ် မြိတ်၌ကျင်းပမည်

တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို ၂၀၁၉ Tanintharyi Region Investment Forum 2019 ကို ဒီဇင်ဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် မြိတ်မြို့ ပုလဲသန္တာဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှုဖိုရမ်တွင် ပြည်တွင်း၊ ပြည်ပမှ စီးပွားရေးလုပ်ငန်း ရှင်များအား ဖိတ်ကြားထားပြီး စုစုပေါင်း ပြခန်း ၁၀၀ နီးပါးပါဝင်မည်ဟုသိရသည်။ တနင်္သာရီတိုင်းဒေသကြီးစီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဒေါ်ရီရီချို က"ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို ကျွန်မတို့မြိတ် မှာနှစ်ရက်တာကျင်းပမှာဖြစ်ပါတယ်။ ပြည်တွင်းရော ပြည်ပကပါ တနင်္သာရီ တိုင်းမှာ လာရောက်ရင်းနှီးမြှုပ်နှံဖို့ ဖိတ်ခေါ်ထားတာရှိပါတယ်။ အထူးသဖြင့် တရုတ်၊ ထိုင်း၊ ကိုရီးယား၊ စင်ကာပူနဲ့ အရှေ့တောင်အာရှ စတဲ့နိုင်ငံတချို့ကို ဖိတ်ခေါ်ထားပါတယ်"ဟု ပြောသည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို ပုလဲသန္တာဟိုတယ်တွင်ကျင်းပမည်ဖြစ်ပြီး ပြခန်းများကို မြိတ်ကမ်းနားလမ်းရှိ Sea View Condo တွင် ပြသသွားမည်ဖြစ်သည်။ တနင်္သာရီတိုင်း၏ ရင်းနှီးမြှုပ်နှံမှုဖိုရမ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက ခရီးသွားလုပ်ငန်း၊ ရေထွက်လုပ်ငန်းနှင့် သတ္တုလုပ်ငန်းများကို ဦးစားပေးပြသမည်ဖြစ်ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/131487.html

## အေးခဲသရက်သီးအနှစ်နဲ့ သရက်သီးအတုံးတွေ မလေးရှားကိုတင်ပို့မည်



စိန်တစ်လုံးအေးခဲ သရက်သီးအနှစ်နဲ့ အေးခဲသရက်သီးအတုံးတွေကို ပြီးခဲ့တဲ့အောက်တိုဘာလက မလေးရှားနိုင်ငံ ကို စမ်းသပ်တင်ပို့တာ အောင်မြင်ခဲ့တာကြောင့် လာမယ့် သရက်သီးရာသီမှာ စတင်တင်ပို့တော့မယ်လို့ သဇင်နွယ် ကုမ္ပဏီက ဒေါ်သန်းသန်းဆွေက ပြောပါတယ်။ မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်ကနေ မလေးရှားနိုင်ငံကို ကီလို ၃၃၀ ရှိတဲ့ အေးခဲသရက်သီးအနှစ်နဲ့ အေးခဲသရက်သီး အတုံးတွေကို အောက်တို ဘာလအတွင်းက စမ်းသပ်တင်ပို့ခဲ့တာဖြစ်ပြီး ပျက်စီးမှုမရှိဘဲအောင်မြင်ခဲ့တယ်လို့ ပြောပါတယ်။

"သူကပထမဆုံး စမ်းသပ်တင်ပို့တာအောင်မြင်ပြီဆိုတော့ သိပ်မကြာခင်လေယာဉ်ပျံနဲ့ပဲ ဆက်ပြီးပို့ပါမယ်၊ တစ်တန်ချင်း ပို့မယ်၊ သိပ်များလာရင် ကွန် တိန်နာနဲ့ပို့ဖို့လဲ စီစဉ်ထားပါတယ်"လို့ ပြောပါတယ်။

လတ်တလော စိန်တစ်လုံး သ ရက် သီးများကိုသာ တင်ပို့ရန် မလေးရှားနိုင် ငံက ဝယ်ယူသူနဲ့ သဘောတူ ထားတာဖြစ်တာကြောင့် စိန်တစ်လုံး သရက်သီးကိုသာတင်ပို့ရမှာဖြစ်ပါတယ်။ ဈေးကွက်အခြေအနေကောင်းမွန်မှ အ ခြား အမျိုးအစား သရက်သီးများကိုပါ တင်ပို့နိုင်ရန်ကြိုးစားသွားမယ်လို့ပြောပါတယ်။ မလေးရှားနိုင်ငံကို တင်ပို့ရာမှာ သရက်သီး အလုံးလိုက်လည်း တင်ပို့မယ့်အပြင် သရက်သီးအမှျင်ခြောက်၊ သရက်သီးရေခဲချောင်းစသည့် Value Add ထုတ်ကုန် များကိုလည်း တင်ပို့သွားမှာဖြစ်ပါတယ်။ ပြည်ပကို သရက်သီးအလုံးလိုက်တင်ပို့ရာမှာ ပထမတန်းစား အရည်အသွေး ပြည့်မီတဲ့ စင်းလုံးချောသရက်သီးတွေကိုသာ တင်ပို့နေတာဖြစ်ပါတယ်။

အခုလို ဒုတိယတန်းစားနဲ့ တတိယတန်းစားသရက်သီးတွေကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ပြီး ပြည်ပ ဈေးကွက်အသစ်ရှာဖွေတာဖြစ်တယ်လို့ ဒေါ်သန်းသန်းဆွေကပြောပါတယ်။ သူက"တကယ်လို့သာ ဒီဈေးကွက်ကောင်းရင် လွှင့်ပစ်ရမယ့်သရက်သီးတွေဟာ ဥပမာ ပထမတန်းစားပဲ လူစိတ်ဝင်စားတာ၊ ဒုတိယတန်း တတိယတန်းစားတွေကို လူစိတ်ဝင်စားမှုနည်းတယ်၊ အရည်အသွေးပြည့်ပေမဲ့ အလုံးသေးရင်export ထုတ်မရဘူး၊ အဲဒါတွေကို value add လုပ်လိုက်ရင် တောင်သူတွေ အားလုံးအကျိုးရှိမှာပဲ"လို့ ပြောပါတယ်။ မြန်မာ့သရက်သီးရာသီချိန်မှာ တရုတ်နိုင်ငံကို အလုံး လိုက် အများဆုံးတင်ပို့ပြီး စင်ကာပူနိုင်ငံနဲ့ ထိုင်ဝမ်ကိုအနည်းငယ် တင်ပို့မှုရှိပါတယ်။ အခုလိုသရက်တန်ဖိုးမြှင့် ထုတ်ကုန်အနေနဲ့ ပြည်ပတင်ပို့တာက ပထမဆုံးတင်ပို့တာဖြစ်ပါတယ်။

**Source:** https://www.kumudranews.com/news-36046?fbclid=IwAR20AV-Yg_dRdu5ZAy 6St9nikn2NQphGoUipasYh_VMlZR7pOfO3UpzKgMU

## ဆန်ကွဲ ပြည်ပသို့သဘော်တင်ရှိသောကြောင့် ဘုရင့်နောင်ကုန်စည်ဒိုင်သို့အဝင်နည်း



ယခုရက်ပိုင်းအတွင်း ပြည်ပသို့ ဆန်ကွဲများတင်ပို့ရန် သဘော်တင်ရှိသောကြောင့် ရန်ကုန်မြို့ ဘုရင့်နောင်ကုန်စည်ဒိုင် ဈေးကွက်သို့ အဝင်နည်းလာကြောင်း မြန်မာနိုင်ငံဆန်စပါး ကုန်သည်များအသင်း (ဘုရင့်နောင်) မှ အတွင်းရေးမှူး ဦးသန်းဦး၏ပြောဆိုချက်အရ သိရသည်။ ထိုသို့ ဆန်ကွဲအဝင် မကြာခဏပြတ်နေသော်လည်း ဈေးနှုန်းများစွာ မြင့်တက်ခြင်းမရှိဘဲ ၂၃၄ အမျိုးအစား ဆန်ကွဲ တစ်အိတ်လျှင် ငွေကျပ် ၁၄၅၀၀၊ ၁၂ အမျိုးအစား ဆန်ကွဲတစ်အိတ်လျှင် ငွေကျပ် ၁၅၅၀၀၊ ဆန်ကွဲ အကြီးတစ်အိတ်လျှင် ငွေကျပ် ၁၆၅၀၀ အထိ ဈေးနှုန်းရှိသည်။

အောက်တိုဘာလကုန်ပိုင်းက တစ်ရက်လျှင် ဆန်ကွဲအိတ်ရေ ငါးသောင်းဂန်းကျင်အထိ ဝင်ရောက်ခဲ့သော် လည်း လတ်တလောတွင် ဘုရင့်နောင်ကုန်စည်ဒိုင်သို့ တစ်ရက်လျှင် ဆန်ကွဲအိတ်ရေ နှစ်သောင်းဂန်းကျင်ခန့်သာ ဝင်ရောက်လျက်ရှိသည်။ "ဆန်ကွဲက လက်ရှိ မူဆယ်နယ်စပ်ကုန်သွယ်ရေး စခန်းဘက်ကိုလုံးဝမသွားဘူး။ နိုင်ငံတကာ ဈေးကွက်လည်း ကောင်းပြီး အရောင်းအဝယ်လည်းကောင်းတယ်။ ပုံမှန်ရောင်းနေရတယ်။ ဝယ်လိုအားလည်း များနေတယ် ဆိုတော့ ဈေးသိပ်မတက်နိုင်ဘူး"ဟု ဦးသန်းဦးကပြောသည်။

ယခင်က မူဆယ်နယ်စပ် ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ အမိကတင်ပို့ခဲ့ပြီး လတ်တလောတွင် တရုတ် နိုင်ငံသို့ တရားဝင်တင်ပို့နိုင်ရေး နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာရေးထိုးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ လတ်တလောတွင် ဆန်ကွဲကို ဘယ်လ်ဂျီယံ၊ အင်ဒိုနီးရှား၊ တရုတ်နှင့် ဖြိတိန်နိုင်ငံတို့သို့ အများဆုံးတင်ပို့နေပြီး ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာ ၁ ရက် မှ ဩဂုတ် ၃၀ ရက်အထိ) က အမေရိကန်ဒေါ်လာ ၁၂၂ သန်းကျော် တန်ဖိုးရှိဆန်ကွဲတန်ချိန်

၄၅၉၉၂၇ ဒသမ ၈၆၀ ကို နိုင်ငံပေါင်း ၄၁ နိုင်ငံသို့ တင်ပို့ခဲ့ပြီးဖြစ်ကြောင်းသိရသည်။

**Source: Myawaddy**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2515-how-to-get-into-the-royal-naung-commodity-exchange-because-of-shipment.html

## ဆောင်းကြက်သွန်နီစိုက် ရာသီတွင် ကေပြတ်ငွေပေးစနစ်ဖြင့် ငှားရမ်းစိုက်ပျိုးနေရ



စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်း ယခုနှစ် ဆောင်းကြက်သွန်နီစိုက်ရာသီတွင် အချိန်မီစိုက်ပျိုးနိုင်ရေး အလုပ်သမားများကို ကေပြတ်စနစ်ဖြင့် ငှားရမ်းစိုက်ပျိုးနေရကြောင်းသိရသည်။ "အလုပ်သမားဈေးနှုန်းအနေနဲ့ကတော့ အတက်အကျမရှိဘူး။ အလုပ်သမား ငှားရမ်းတဲ့နေရာမှာ အခက်အခဲဖြစ်တယ်။ မနှစ်ကတော့ တစ်ဧကစိုက်ပျိုးစရိတ်က မြေငှားရမ်းခ အပါအဝင် အထွေထွေ ကုန်ကျစရိတ် ငွေကျပ် ၂၅ သိန်းကျော်လောက်ကျတယ်။ ထွက်ရှိမှုအနေနဲ့တော့ မနှစ်က တစ်ဧကကို ပိဿာချိန် ၆၀၀၀ ကျော်ထွက်တယ်။ ဈေးနှုန်းက ကြက်သွန်နီစထွက်တဲ့အချိန်မှာ တစ်ပိဿာကို ငွေကျပ် ၃၀၀ လောက်ပဲရှိတယ်။ အခုအချိန်မှာတော့ တစ်ပိဿာကို ငွေကျပ် ၄၀၀၀ ဝန်းကျင်အထိရှိနေတယ်" ဟု မုံရွာမြို့နယ်ကျွဲရဲကျေးရွာမှ ကြက်သွန်နီစိုက်တောင်သူ ကိုသက်ဟိန်းကပြောသည်။

ဆောင်းကြက်သွန်နီကို အောက်တိုဘာလအတွင်းမှ ဒီဇင်ဘာလအလယ်အထိ စိုက်ပျိုးလျက်ရှိရာ အလုပ်သမားငှားရမ်းမှုတွင် ရေသွင်းစိုက်ပျိုးမည့် စိုက်ခင်းတစ်ဧကငွေကျပ် ၁၆၀၀၀၀ နှုန်းဖြင့် လည်းကောင်း၊ ရေဖျန်းစနစ်ဖြင့် စိုက်ပျိုးမည့် တစ်ဧကကို ငွေကျပ် ၁၈၀၀၀၀ နှုန်းဖြင့်လည်းကောင်း မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် အနီးဝန်းကျင်မြို့နယ်များရှိ ကျေးရွာများမှ အလုပ်သမားများကို ငှားရမ်းစိုက်ပျိုးလျက်ရှိသည်။ မုံရွာမြို့နယ် မြောက်ဘက်ခြမ်းရှိ တောင်ပလူ၊ ကျောက်စစ်ပုံ၊ ကျွဲရဲ၊ သမန်တာ၊ ကော်ရဗျ၊ ညောင်ခြေထောက်၊ ကျီကုန်း၊ အလုံ၊ သပြေတော၊ ဖန်ခါးကျင်းကျေးရွာတို့တွင် ကုန်း၊ အင်းကြက်သွန်များကို အများဆုံး စိုက်ပျိုးလျက်ရှိရာ နေ့စားအလုပ်သမားများအနေဖြင့် အလုပ်အကိုင်များ ရရှိကြသဖြင့် မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်းသိရသည်။

**Source: Myawaddy**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2513-the-winter-onion-crop-is-rented-through-a-cash-crop.html

## လာအို - မြန်မာ ချစ်ကြည်ရေးတံတားမှတစ်ဆင့် လာအိုနိုင်ငံသို့ ကုန်စည်တင်ပို့မှုစတင်ခွင့်ပြု



ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင်အတွင်းရှိ မြန်မာ - လာအိုချစ်ကြည်ရေးတံတားမှ ကုန်စည်တင်ပို့ခွင့်ကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလမှစတင် ခွင့်ပြုလာရာ တရုတ်မှ တိုက်ရိုက် တင်ပို့ခွင့်ပိတ်ထားသည့် စိုက်ပျိုးရေးထွက်ကုန်များကို လာအိုမှတစ်ဆင့် တင်ပို့လာနိုင်ကြောင်းသိရပါတယ်။ "စီးပွားကူးသန်းဝန်ကြီးဌာနရဲ့ တစ်ချို့ခွင့်ပြုတဲ့ဟာလေးတွေရှိတာပေါ့။ အဲဒီမှာ လိုင်စင်သွားလုပ်လို့ရတာတို့ ခွင့်ပြုထားတဲ့ တစ်မျိုးနှစ်မျိုး အဲဒီလိုတော့ တင်ပို့ခွင့်ပြုထားပါတယ်"ဟု

တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က တာချီလိတ် သတင်းအေဂျင်စီသို့ ပြောပြချက်အရသိရပါတယ်။ တရုတ်နိုင်ငံက နယ်စပ်မှတင်ပို့ခွင့်ပိတ်ထားသည့် မြန်မာနိုင်ငံမှ ပြောင်းကဲ့သို့ စိုက်ပျိုးရေးထွက်ကုန်အချို့ကို ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ မြန်မာ-လာအို ချစ်ကြည်ရေးတံတားမှနေ၍ လာအိုသို့တင်ပို့ကာ လာအိုမှတရုတ်သို့ ပြန်သွင်းခြင်းဖြင့် ကုန်သွယ်မှုလုပ်ဆောင်လာကြခြင်းဖြစ်ပါတယ်။ "ကျွန်တော်တို့ ဆီက ပြောင်းတွေ ဘာတွေက တရုတ်ဘက်က ပိတ်ထားတယ်။ မိုင်းယုနဲ့မူဆယ်ဘက်က ပိတ်ထားတယ်။ လာအိုက ဝင်ရင်လက်ခံတယ်။ ကျွန်တော်တို့ဘက်က တိုက်ရိုက်ပို့ရင် လက်မခံဘူး။ ၂၀၁၉ ခုနှစ်မှာ ဆိတ်အကောင်ရေ (၄၀၀) စသွားတယ်။ အခုတော့ (၁၀၀၀) ကျော်သွားပြီ။ ပြောင်းတန်ချိန်က (၁၀၀၀၀) ကျော်သွားပြီ။ (၁၂) ဘီးကားတွေ အစီး (၂၀) (၃၀) ဆို တာချီလိတ်အကောက်ခွန်ကနေ ဆင်းပြီးစစ်ပေးတယ်"ဟု ကျိုင်းလပ်မြို့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဌ ဦးခင်မောင်ဇော်က တာချီလိတ်သတင်းအေဂျင်စီသို့ပြောခဲ့ပါတယ်။

အဆိုပါ တံတားတည်ဆောက်ရေးအတွက် ၂၀၁၃ ခုနှစ်က သမ္မတ ဦးသိန်းစိန်၏ လာအိုနိုင်ငံ ချစ်ကြည်ရေး ခရီးစဉ်တွင် နှစ်နိုင်ငံ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ကြား နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးတည်ဆောက်ကာ ၂၀၁၅ ခုနှစ်အတွင်း ဖွင့်ပွဲကျင်းပခဲ့ခြင်းဖြစ်သော်လည်း တံတားကုန်ကျစရိတ် သုံးပုံနှစ်ပုံကုန်ကျခံထားသည့် လာအိုနိုင်ငံက တံတား၏သုံးပုံနှစ်ပုံ ရယူသတ်မှတ်လိုသဖြင့် မြန်မာ့နယ်နိမိတ် မနစ်နာစေရေးအတွက် မြန်မာနိုင်ငံက တံတား၏ကုန်ကျစရိတ်ကို ၂၀၁၇ ခုနှစ်တွင် ပြန်လည်ပေးချေခဲ့ရခြင်း ဖြစ်ပါတယ်။ မြန်မာ - လာအို ချစ်ကြည်ရေး မယ်ခေါင်မြစ်ကူးတံတားအား စီမံခန့်ခွဲမှုဆိုင်ရာ နှစ်နိုင်ငံသဘောတူညီမှုစာချုပ်ကို နိုင်ငံခြားရေးဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် လာအိုနိုင်ငံခြားရေးဝန်ကြီးတို့က နေပြည်တော်တွင် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၅) ရက်က လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပါတယ်။ အမေရိကန် ဒေါ်လာ (၂၆) သန်းကုန်ကျသည့်တံတားကို နယ်စပ်ဝင်ထွက်ပေါက်အဖြစ် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၂၀)ရက်နေ့မှစတင်၍ အသုံးပြုလာခြင်းဖြစ်သော်လည်း လတ်တလောတွင် နှစ်နိုင်ငံနယ်စပ်ဒေသ၌ နေထိုင်သူများကိုသာ ဖြတ်သန်းခွင့်ပေးထားခြင်းဖြစ်ပါတယ်။

မြန်မာနိုင်ငံဘက်မှ တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့နှင့် လာအိုနိုင်ငံ စီအင်ကောက်မြို့တို့ကို ဆက်သွယ်ထားသည့် နှစ်နိုင်ငံချစ်ကြည်ရေးတံတားမှ နယ်စပ်ဝင်ထွက်ပေါက်မှနေ၍ နှစ်နိုင်ငံသားများအား နယ်စပ်ဖြတ်ကျော်ခွင့်လက်မှတ်ဖြင့် (၁၃)ညအိပ် (၁၄)ရက်ခရီး ခွင့်ပြုထားခြင်းဖြစ်ကာ နယ်စပ်ဒေသနေ မြန်မာနိုင်ငံသားများကို လာအိုနိုင်ငံ လောင်နန်သာခရိုင် မောင်စင်မြို့နှင့် မောင်လောင်မြို့များအထိခွင့်ပြုထားပြီး နယ်စပ်ဒေသနေ လာအိုနိုင်ငံသားများကို တာချီလိတ်မြို့နှင့် မိုင်းယောင်းမြို့များအထိ သွားလာခွင့်ပြုထားကြောင်းသိရပါတယ်။ တာချီလိတ်ခရိုင်အတွင်း မြန်မာ - လာအိုနယ်စပ်ဖြစ်သည့် မဲခေါင်မြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ ပြည်တွင်းဆိပ်ကမ်း (ဝမ်ပုံ) မှနေ၍ နယ်စပ်ဖြတ်ကျော်ခွင့်လက်မှတ်ဖြင့် (၆)ညအိပ် (၇)ရက်ခရီး ခွင့်ပြုပေးထားပြီး မြန်မာနိုင်ငံသားများကို လာအိုနိုင်ငံ လုံတိုင်းထားပြည်နယ်အတွင်း ကီလိုမီတာ (၃၀)ခန့်အထိ လည်းကောင်း၊ လာအိုနိုင်ငံသားများကို တာချီလိတ်မြို့နယ်အတွင်းလည်းကောင်း ခွင့်ပြုထားခြင်းဖြစ်ကြောင်းသိရပါတယ်။ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံတို့ဖြင့် နယ်နမိတ်ထိစပ်နေသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်အတွင်း တာချီလိတ် - မယ်ဆိုင်ကို ဆက်သွယ်ထားသည့် မြန်မာ-ထိုင်းနယ်စပ်ဝင်ထွက်ပေါက်၊ ဝမ်ပုံ-လုံတားထိုင်းဆက်သွယ်ထားသည့် ဝမ်ပုံ ဆိပ်ကမ်းနှင့် ကျိုင်းလပ်-စီအင် ကောက်ဆက်သွယ်ထားသည့် မြန်မာ-လာအိုနယ်စပ်ဝင်ထွက်ပေါက်များ ဖွင့်လှစ် ထားခြင်း ဖြစ်ပါတယ်။

**Source : tachileik**

https://www.logisticsguide.com.mm/en/industry-news/export-import/224343-lao-myanmar-friendship-bridge-starts-shipping.html?fbclid=IwAR3DeLIPUw0TrW4aHrB3-F4Kuwmgb9tGXVVnoqfqbVl2pUSvSQLNikSgzC4

## ပြည်ပသို့စပါးတင်ပို့ရန် အစိုးရခွင့်ပြုသော်လည်း လက်တွေ့မဖြစ်နိုင်သေးဟုဆို

ပြည်ပသို့ စပါးတိုက်ရိုက် တင်ပို့ရန် အစိုးရက စမ်းသပ်ခွင့်ပြုလိုက်သော်လည်း လုပ်ထုံးလုပ်နည်း များပြားသည့်အတွက် လက်တွေ့၌ မဖြစ်နိုင်သေးကြောင်း မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးက ပြောကြားသည်။ “စပါးတင်ပို့ဖို့က ခွင့်ပြုထားတာပဲဗျ။ တကယ်လက်တွေ့ တင်ပို့ဖို့ကျတော့ သိပ်မလွယ်ပါဘူး။ ကျွန်တော်တို့လည်း အခု အဲဒီ ကိစ္စတွေပဲ ဆွေးနွေးနေတာပါ။ တရုတ်ကို စပါးပို့ဖို့ဆိုရင် လိုအပ်တဲ့ ပရိုတိုကောတွေ အများကြီးရှိတယ်။ ဒီကန့်သတ်ချက်တွေနဲ့ညီမှ ပို့လို့ရမယ်။ အစိုးရချင်းလုပ်ရမယ့်ဟာတွေ ရှိတယ်။ ဟိုဘက်ကလည်း လိုအပ်ချက်၊ ဒီဘက်ကလည်း ဖြစ်နိုင်ခြေရှိ၊ မရှိဆိုတာတွေလိုပါတယ်။ လက်တွေ့တော့ မဖြစ်နိုင်ဘူးဗျ“ဟု ၄င်းကပြောသည်။ ဒီဇင်ဘာလကုန်အထိ စပါးတန်ချိန် နှစ်သိန်းခန့် ကနဦးစမ်းသပ် တင်ပို့နိုင်ပြီး လိုအပ်ပါက ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလကုန်အထိ စပါးတန်ချိန်ငါးသိန်း ဆက်လက် တင်ပို့ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဈေးကွက်ဆိုင်ရာ သုံးသပ်အကြံပြုတင်ပြရေးကော်မတီက ဆုံးဖြတ်ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။ ထိုသို့တင်ပို့မည်ဆိုပါက ဝယ်သူ၊ ရောင်းသူ နှစ်ဦးနှစ်ဖက် စာချုပ်ချုပ်ဆို၍ လွတ်လပ်စွာတင်ပို့ခွင့်ပြုမည့်ဖြစ်ကြောင်းသိရသည်။ သို့သော် တစ်ဖက်တွင် ပြည်ပသို့ စပါးအတိုင်းတင်ပို့ပါက ပြည်တွင်း ဆန်ကွဲ၊ ဖွဲနုစသည့် ကုန်ကြမ်းများ ရှားပါးနိုင်သည်ဆိုကာ ဝေဖန်ထောက်ပြမှု အချို့လည်းရှိနေကြောင်းသိရသည်။ အလားတူ မြန်မာနိုင်ငံက ယခင်က ပြည်ပသို့စပါးတင်ပို့ခဲ့ဖူးဆိုသည်မှာလည်း မျိုးစပါး အနေဖြင့်သာ တင်ပို့ခြင်းဖြစ်ပြီး ယခုကဲ့သို့ ဆန်အဖြစ်ကြိတ်ခွဲရရှိမည့် စပါးကိုတင်ပို့ခြင်းမျိုးမဟုတ်ကြောင်း ဦးအောင်သန်းဦး က ပြောသည်။“စပါးတိုက်ရိုက် ရောင်းချဖို့ဆိုတဲ့ အဆင့်ကအများကြီးရှုပ်ထွေးမှုရှိတယ်။ ညှိနှိုင်းရမယ့်အချက်တွေရှိသလို စံချိန်စံညွှန်းသတ်မှတ်ချက်တွေလည်း အများကြီးရှိတော့ ခက်ခဲနေတဲ့အနေအထားမှာရှိသေးတယ်လို့ ယူဆမိတယ်”ဟု ဆန်ကုန်သည်တစ်ဦးက မှတ်ချက်ပြုသည်။ လက်ရှိတွင် ပြည်တွင်း၌ မိုးစပါးပေါ်လာပြီဖြစ်သောကြောင့် စပါးဈေးနှုန်းမှာလည်း အစိုးရသတ်မှတ်ချက် ရည်ညွှန်းဈေးဖြစ်သည့် တင်း ၁၀၀ လျှင် ကျပ်ငါးသိန်းထက် နိမ့်သည့်ဈေးဖြင့်သာ တောင်သူများ ရရှိနေသည့်အတွက် အစိုးရကိုယ်တိုင် ကျပ် ၁၃ ဘီလျံသုံးစွဲ၍ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ပြင်ပကုမ္ပဏီ များကို တင်ဒါခေါ်ယူ၍ ကျပ်ငါးသိန်းနှုန်းဖြင့် ဝယ်ယူရန်စီစဉ်လျက်ရှိသည်။ မြန်မာနိုင်ငံ၌ မိုးစပါးစိုက်ရာသီတွင် နှစ်စဉ်စိုက်ဧက ၁၄ သန်းခွဲခန့်ရှိပြီး စပါးတန်ချိန်အနေဖြင့် ၁၉ သန်းခွဲခန့်ထုတ်လုပ်လျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနစာရင်းများအရသိရသည်။အလားတူ မြန်မာနိုင်ငံစပါးထုတ်လုပ်မှုစုစုပေါင်း၏ ၇၇ ရာခိုင်နှုန်းကျော်ကို မိုးရာသီတွင် အဓိက စိုက်ပျိုးထုတ်လုပ်နေခြင်းဖြစ်သည်။



**Source : မြန်မာတောင်သူကြီးများ ဂျာနယ်**

https://www.facebook.com/sitepyo/

# STOCK EXCHANGE (26.11.2019)

YANGON
STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 26th Nov. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +500 | +4.35% | 12,000 | 12,000 | 12,000 | 523 | 6,276,000 | 27,112,747 | 325,353 |
| MTSH | 00002 | 3,900 | +50 | +1.30% | 3,900 | 3,900 | 3,850 | 1,335 | 5,201,450 | 38,929,150 | 151,824 |
| MCB | 00003 | 8,300 | +200 | +2.47% | 8,300 | 8,300 | 8,100 | 132 | 1,095,200 | 10,400,986 | 86,328 |
| FPB | 00004 | 23,000 | +0 | +0.00% | 22,500 | 23,000 | 22,500 | 142 | 3,227,500 | 2,472,053 | 56,857 |
| TMH | 00005 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 301 | 903,000 | 12,823,224 | 38,470 |

## Market summary

As of 26th Nov. 2019

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 481.14 | +12.84 | +2.74% | 481.14 | 481.14 | 477.30 | 2,433 | 16,703,150 | 5 | 658,832 |

### Index chart




# Market Overview

As of 1:00 pm, 26th Nov. 2019

| MYANPIX | 481.14 ▲ 12.84 |
|---|---|
| Total Volume (shares) | 2,433 |
| Total Value (MMK) | 17 mil |
| Listed Company | 5 |
| Market Cap. (MMK) | 658,832 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲ 500 |
| MTSH | 00002 | 3,900 | ▲ 50 |
| MCB | 00003 | 8,300 | ▲ 200 |
| FPB | 00004 | 23,000 | ▲ 0 |
| TMH | 00005 | 3,000 | ▲ 0 |